## မြေငလျင်လှုပ်ခတ်မှုဖြစ်ရပ် အစီရင်ခံစာ

# ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော ငလျင်နှင့် ပတ်သက်၍ အစုရှယ်ယာဝင်များအား အသိပေးကြေညာချက်

### လေးစားအပ်ပါသော ရှယ်ယာဝင်များ

မြန်မာနိုင်ငံသားများဘဏ်၏ Management အနေဖြင့် ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့ပြီး မြန်မာနိုင်ငံ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့အပါအဝင် မိမိတို့၏ ဘဏ်လုပ်ငန်းဝန်ဆောင်မှုပေးအပ်နေသော ဒေသတော်တော်များများ၌ ထိခိုက်ပျက်စီးမှုများ ဖြစ်စေခဲ့သော မြေငလျင် နှင့်ပတ်သက်၍ သတင်းအချက်အလက်များကို အသိပေးလိုပါသည်။ ဤမြေငလျင် လှုပ်ခတ်ခြင်းကြောင့် မိမိတို့ ဘဏ်ဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အဦများ ယာယီထိခိုက်ဆုံးရှုံးမှုများ ဖြစ်စေခဲ့သောကြောင့် လုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်မှုများ ပြန်လည်ကောင်းမွန်လာစေရန်နှင့် ဆုံးရှုံးနိုင်ခြေများအား လျှော့ချနိုင်စေရန်အတွက် ဆောလျင်စွာ တုံ့ပြန်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ မြေငလျင်ကြောင့် ထိခိုက်နစ်နာခဲ့ရသော ဖြစ်စဉ်အကျဉ်းချုပ်၊ မိမိတို့၏ ပြန်လည်ပြင်ဆင်ရန် ကြိုးပမ်းအားထုတ်မှုများနှင့် ပြန်လည်ထူထောင်ရေး မဟာဗျူဟာကို အောက်တွင် ရှင်းလင်းစွာ ဖော်ပြထားပါသည်။

### ၁။ ဖြစ်စဉ်အကျဉ်းချုပ်

- **နေ့ရက် -** ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်။
- **ထိခိုက်ခဲ့သည့် ဧရိယာများ -** စစ်ကိုင်းပြတ်ရွေ့ကြောတလျှောက်ရှိ ဒေသများ (ထိခိုက်နိုင်ခြေ မြင့်မားသော မြေငလျင်ဇုန်တစ်ခု)
- **အဓိက ထိခိုက်ပျက်စီးမှုများ -**
    - အခြေခံအဆောက်အဦ ထိခိုက်ပျက်စီးမှု - အချို့ဘဏ်ခွဲများမှာ တစိတ်တပိုင်း (သို့မဟုတ်) အလုံးစုံ ထိခိုက်ပျက်စီးခြင်း၊ အာမခံအပေါင်အဖြစ် ပေးအပ်ထားသော အဆောက်အဦအချို့နှင့် IT System များ အသေးစား ထိခိုက်ပျက်စီးခဲ့ခြင်း။
    - ဝန်ဆောင်မှုများ ပြတ်တောက်ခြင်း - ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုများ၊ Customer Transaction များနှင့် ငွေဖြစ်လွယ်မှုဆိုင်ရာ စီမံခန့်ခွဲမှု (Liquidity Management) များ ယာယီ ပြတ်တောက်ခဲ့ခြင်း။

## ၂။ ထိခိုက်ပျက်စီးမှုများနှင့် ငွေရေးကြေးရေးဆိုင်ရာ ထိခိုက်မှုများ အကျဉ်းချုပ်

### (က) ရုပ်ပိုင်းနှင့် လုပ်ငန်းပိုင်းဆိုင်ရာ ထိခိုက်ပျက်စီးမှုများ

#### (၁) ဘဏ်ခွဲအဆောက်အဦ

- မန္တလေး - ၆ ဘဏ်ခွဲ (မန္တလေး) - အဆောက်အဦတစ်ခုလုံးပြိုကျပျက်စီးခဲ့ပြီး လုပ်ငန်းလည်ပတ်မှု ရပ်ဆိုင်းခဲ့ရပါသည်။ လက်ရှိအချိန်တွင် မန္တလေး - ၆ ဘဏ်ခွဲ၏ ဝန်ဆောင်မှုများအား မန္တလေး - ၁ ဘဏ်ခွဲသို့ ယာယီ ပြောင်းရွှေ့၍ ဝန်ဆောင်မှုပေးအပ်လျက်ရှိပါသည်။
- တစိတ်တပိုင်း ထိခိုက်ပျက်စီးခဲ့သော ဘဏ်ခွဲများ - မန္တလေး - ၃ ဘဏ်ခွဲ၊ မန္တလေး - ၅ ဘဏ်ခွဲ၊ ကျွဲဆည်ကန်ဘဏ်ခွဲ (ဘေးအန္တရာယ်ကင်းရှင်းရန် စစ်ဆေး၍ ပြန်လည်ပြင်ဆင်နေပါသည်။)
- အရေးကြီးသော ဆုံးရှုံးမှုများ - မန္တလေး - ၆ ဘဏ်ခွဲတွင် Server များ၊ CCTV System များနှင့် ပရိဘောဂများ ပျက်စီးခဲ့ပါသည်။

| ပစ္စည်းအမျိုးအစား (တည်နေရာ) | ပစ္စည်းအမျိုးအမည် | ခန့်မှန်းဆုံးရှုံးမှု (ကျပ်သန်းဖြင့်) |
|---|---|---|
| မြေနှင့် အိမ်ရာ အဆောက်အဦ၊ စက်ရုံနှင့် ပစ္စည်းကိရိယာ တန်ဆာပလာများ (မန္တလေး) | အငှားအဆောက်အဦ၊ ရုံးသုံးပစ္စည်းများ၊ ကွန်ပျူတာနှင့် ပရိဘောဂများ | ၆၆.၃၈ |

#### (၂) အာမခံထားရှိမှုအခြေအနေ -

- အာမခံကြေးများအား စိစစ်နေခြင်း - ဘဏ်၏အာမခံကုမ္ပဏီမှ မြေလျှင်အာမခံလျော်ကြေးများ အား လက်ရှိအချိန်တွင် အကဲဖြတ်စိစစ်နေပါသည်။
- ဆုံးရှုံးမှုများမှ ကာကွယ်ရန် ဆောင်ရွက်ချက် - ယခုအချိန်တွင် အာမခံအပေါင်ပစ္စည်းများအားလုံး အတွက် မြေလျှင်အာမခံပေါ်လစီအား မရှိမဖြစ်လိုအပ်ပါသည်။

## ၃။ အရေးပေါ် ဆောင်ရွက်မှုများနှင့် ပြန်လည်ထူထောင်ရန် ဆောင်ရွက်မှုများ -

### (က) အရေးပေါ်ဖြစ်စဉ် စီမံခန့်ခွဲမှု

- Business Continuity Plan (BCP) ထားရှိခြင်း - အရေးပေါ်အဖွဲ့များအား (၄၈) နာရီအတွင်း တာဝန် ပေးအပ်ခဲ့ပါသည်။
- ဝန်ဆောင်မှုများ ပြန်လည်အသုံးပြုနိုင်ခြင်း - ဘဏ်ခွဲအများစုတွင် Core Banking နှင့် Mobile Service များအား (၇၂) နာရီအတွင်း ပြန်လည်အသုံးပြုနိုင်အောင် ဆောင်ရွက်ခဲ့ပါသည်။

**(ခ) ငွေရေးကြေးရေး တည်ငြိမ်စေရန် ဆောင်ရွက်မှုများ**

**၁။ ငွေဖြစ်လွယ်မှုဆိုင်ရာ စီမံခန့်ခွဲခြင်း**

- Customer ၏ ငွေထုတ်ယူမှုများကို ဝန်ဆောင်မှုပေးနိုင်ရန် ငွေသား (Cash Reserve) အား တိုးမြှင့်ထားရှိရန်။
- ငွေတိုက်ခန်း (Vault) အား နေ့စဉ်စာရင်းစစ်ဆေးခြင်းများ - ငွေသားပမာဏ ပိုလျှံမှု မရှိစေရန်နှင့် ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရန်အတွက် ဘဏ်ခွဲရှိ ငွေသားပမာဏ (Cash level) များ ကို သေချာစွာ စောင့်ကြည့်လေ့လာရန်။

**၂။ Customer Support**

- ချေးငွေဆိုင်ရာ ဖြေလျှော့ပေးခြင်း - ကင်းလွတ်ကာလများ (Grace Periods) တိုးမြှင့်ခြင်းနှင့် အာမခံအပေါင်ပစ္စည်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များကို ဖြေလျှော့ပေးခြင်း။
- လူမှုအသိုင်းအဝန်းအား ကူညီပေးခြင်း - ငလျင်ဒဏ်ခံစားခဲ့ရသော ဝန်ထမ်းများနှင့် ဒေသခံလူမှု အသိုင်းအဝန်းအား ကူညီပေးရန် CSR program များ ဆောင်ရွက်ခဲ့ပါသည်။

**၃။ IT Recovery**

- Backup Data များအား ပြန်လည်ရယူခြင်း၊ Cybersecurity အဆင့်တိုးမြှင့်ခြင်းနှင့် Cloud Storage လုံခြုံစိတ်ချမှုရှိစေရန် အရေးကြီးသော System များကို ရွှေ့ပြောင်းသိမ်းဆည်းခြင်း။

**၄။ ပြန်လည်ပြင်ဆင်သည့် အစီအစဉ်နှင့် အနာဂတ်ပြင်ဆင်ထားရှိမှု**

**က။ ရေတိုဦးစားပေးဆောင်ရွက်မှုများ (လာမည့် ၃ လ မှ ၆ လ အတွင်း)**

- လုပ်ငန်းဆောင်ရွက်မှုများအား ရွှေ့ပြောင်းခြင်း - လုံးဝပျက်စီးသွားသော ဘဏ်ခွဲများ (ဥပမာ - မန္တလေး-၆ မှ ဝန်ဆောင်မှုများကို ရွှေ့ပြောင်း၍ ဝန်ဆောင်မှုပေးခြင်း။
- အခြေခံအဆောက်အဦ တိုးမြှင့်ထားရှိခြင်း (Infrastructure Redundancy) – Downtime လျော့နည်းလာစေရန် Backup Internet Line များ ထပ်တိုးထည့်ခြင်း။
- ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးခြင်း - ဝန်ထမ်းများအားလုံးအတွက် Disaster Response အလုပ်ရုံဆွေးနွေးပွဲများ ပို့ချသင်ကြားပေးခြင်း။

## မြေငလျင်လှုပ်ခတ်မှုဖြစ်ရပ် အစီရင်ခံစာ

### ၁။ ရေရှည်ကြံ့ခိုင်မှုတင်ပြင်ဆင်မှုများ (၂၀၂၅ - ၂၀၂၆)

- အာမခံပေါ်လစီတိုးမြှင့်ထားရှိခြင်း - ပိုင်ဆိုင်ပစ္စည်းများနှင့် အာမခံအပေါင်ပစ္စည်းများအားလုံးအတွက် မြေငလျင်အာမခံပေါ်လစီအပြည့်အဝ ထားရှိစေခြင်း။
- BCP တိုးမြှင့်ဆောင်ရွက်ခြင်း - ဘေးအန္တရာယ် သတိပေးလှုပ်ရှားဆောင်ရွက်မှုများ (Disaster Drills) အား ပုံမှန်ပြုလုပ်ခြင်းနှင့် Security Protocol များ ထပ်တိုးမွမ်းမံပြင်ဆင်ခြင်း။
- အခြေခံအဆောက်အဦ ပြင်ဆင်မွမ်းမံခြင်း - အဆောက်အဦများနှင့် IT Hardware များအတွက် လုံခြုံရေး စစ်ဆေးခြင်းများ ဆောင်ရွက်ခြင်း။

### ဂ။ ဘဏ္ဍာရေးခန့်မှန်းချက်

- ၂၀၂၅ ခုနှစ် ပထမသုံးလပတ်အတွင်း သက်ရောက်မှုများ - ရေတိုဝင်ငွေရရှိမှု တည်ငြိမ်မှုမရှိနိုင်ဟု ခန့်မှန်းရသော်လည်း ဘဏ်၏ LTV Ratio မှာ (၃၆%) အထိ ခိုင်မာမှုရှိပြီး Collateral Buffer များမှာလည်း တည်ငြိမ်မှုရှိခြင်း။
- ငွေဖြစ်လွယ်မှုဆိုင်ရာ စီမံခန့်ခွဲခြင်း - ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးနိုင်ခြေများကို ဖြေရှင်းရန် သာလွန်ကောင်းမွန်သော စီမံဆောင်ရွက်ချက်များ ထားရှိခြင်း။

### ဃ။ ဘဏ္ဍာရေးအခြေအနေ (၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်)

| | စုစုပေါင်းဝင်ငွေ | စုစုပေါင်း လုပ်ငန်းဆောင်ရွက်မှုမှ ရရှိသည့် ဝင်ငွေ | ပင်မကုမ္ပဏီသို့ ပေးအပ်သည့် Net Income attributable (NIA) |
|---|---|---|---|
| ယခင်နှစ် (၃၁.၃.၂၀၂၄) အတွက် ရရှိသည့် ဝင်ငွေ | ၅၉,၅၀၈,၁၁၅,၀၆၉.၀၀ | ၂၆,၉၅၃,၀၅၂,၂၈၁.၀၀ | - |

### ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်နေကြောင်း ကတိပြုချက်

မိမိတို့အနေဖြင့် ဤစိန်ခေါ်မှုအခက်အခဲအား ကိုင်တွယ်ဖြေရှင်းရာတွင် လူကြီးမင်းတို့၏ ယုံကြည်မှုအတွက် များစွာကျေးဇူးတင်ရှိပါသည်။ MCB ဘဏ်သည် လုပ်ငန်းအားလုံး ပြန်လည်လည်ပတ်အောင် ဆောင်ရွက်ခြင်း၊ မိမိတို့၏ Stakeholder များအား ပံ့ပိုးပေးခြင်းနှင့် အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးနိုင်ခြေများအား စီမံခန့်ခွဲနိုင်ရေးအတွက် ခံနိုင်ရည် ပိုမိုအားကောင်းလာအောင် ဆောင်ရွက်ခြင်းတို့အပေါ် ဆက်လက်အလေးထား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## မြေငလျင်လှုပ်ခတ်မှုဖြစ်ရပ် အစီရင်ခံစာ

ကုမ္ပဏီအမည် - မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

ကိုယ်စားလှယ်၏ အမည် - ဒေါ်ချိုချိုအေး (ကုမ္ပဏီအတွင်းရေးမှူး)

ဆက်သွယ်ရန် - +၉၅-၁-၈၃၈၆၀၂၀၊ +၉၅-၉-၉၄၀၀၅၁၂၃၄